၁၆၅၇။ လောကတွင် မယုံကြည်ရသော သူများထံမှ ဖြစ်လာသော ဘေး ထက် ယုံကြည်ရသော သူများထံမှ ဖြစ်လာသော ဘေး က ပိုမို ပြီး ကြောက်မက်ဖွယ်ရာကောင်းလေသည်။ အဘယ်ကြောင့်ဟူမူ လူယုံသတ်၍သေသည် ဟူသောစကားဖြင့် သိရ၏။

၁၆၅၈။ အရုပ်ဆိုး၍ အကျည်းတန်သောသူသည် သစ္စာဖောက်ဖျက်၍ ယုတ်မာသောသူဟူ၍ ထင်မှတ်မှားတတ်လေသည်။ ရုပ်ရည်လှပ၍ ချောမောသူကိုလည်း လူလိမ္မာ လူကောင်းဟူ၍ ထင်မြင်တတ်သည်။

၁၆၅၉။ လူဟူသမျှတို့သည် ကြီးပွားတိုးတက်လိုသောစိတ်ဓာတ် (အမြဲတေဓာတ်) တည်ကိန်းပြီးလျှင် အကောင်းအမြတ်အထွဋ်အထိပ်ကို အလိုရှိသူမှန်လျှင် မိမိကိုယ်တိုင် စိတ်ရောကိုယ်ပါ အကောင်းဆုံး အမြတ်ဆုံးဖြစ်အောင် ပြုကျင့်ရလေသည်။ အဘယ်ကဲ့သို့ပြုလုပ်ရပါသနည်းဟူမူ-

(၁) စနစ်တကျ

(၂) စည်းကမ်းရှိရှိဖြင့်

(၃) အချိန်ကိုအသက်ဟု သိမြင်တန်ဖိုးထားရာသည်။

၁၆၆၀။ လောက၌ အခက်ခဲဆုံးသော ပညာမှာ အုပ်ချုပ်ရေးပညာ ဖြစ်သလို အလိုအပ်ဆုံးသော အရေးကြီးဆုံးသောအချက်မှာလည်း



စည်းလုံးညီညွတ်ခြင်းပင်ဖြစ်လေသည်။ ထိုစည်းလုံးညီညွတ်ခြင်းကိုသာ ရမည်ဆိုပါက အချစ် အသက် အရှက် ဥစ္စာ စည်းစိမ်ရာထူး ခြေလက်အင်္ဂါနှင့် အသက်ပါ စွန့်လွှတ်ရန် အသင့်အနေထား၌ ရှိကြရမည်ဖြစ်လေသည်။

၁၆၆၁။ လောက၌ ကျင့်သုံးရမည့်တရားမှာ သီလတရားဖြစ်သလို အခက်အခဲဆုံးနှင့် အဖိုးထိုက်တန်ဆုံးသော အရာမှာလည်း သဒ္ဓါတရားပင်ဖြစ်လေသည်။ ထိုသဒ္ဓါတရားရှိမှသာ မိကကြီးသုံးပါးတို့ ပြည့်စုံ၍ ကုဒ္ဒိပါဒ်လေးပါး ဖြစ်ပြီးလျှင် ကုဿာသယခါတ်ကို ပြီးပြည့်စုံလေသည်။

၁၆၆၂။ လောကမှာ မိမိပိုင်သော ဥစ္စာသည် သဒ္ဓါတရားဖြစ်သည်။ သဒ္ဓါတရားသည် အခက်ဆုံးဖြစ်သည်။ သဒ္ဓါတရားမရှိလျှင် ဒါန ၊ သီလ ၊ ဘာဝနာ ပြုလုပ်၍မရ။

၁၆၆၃။ လူတစ်ဦးတစ်ယောက်သည် အတ္တလွန်ကဲပြီး မိမိ၏စီးပွားရေး မိသားစု တစ်ခုတည်းအတွက်သာ ကြည့်ပြီးလုပ်ဆောင်နေသူသည် မျက်စိတစ်ဖက်သာရှိပြီး အဝိဇ္ဇာ တိမ် သလ္လာ ဖုံးကွယ်နေသော တစ်ဖက်ကန်းနှင့် တူလေသည်။

၁၆၆၄။ လောက၌ စိတ်ကောင်းမထားရှိသောသူနှင့် သမာဓိတစ်လုံးမျှ